**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

**ရုံးအမှတ်(၄၇)၊ နေပြည်တော်**

**လက်ထောက်တိုင်းရင်းဆေးမှူး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်တိုင်းရင်းဆေးမှူး(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၈၄)နေရာအတွက် အောက်ပါအရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

(ဂ) (၃၁-၇-၂၀၂၄)ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

(ဂ) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်နှင့် ဘွဲ့လက်မှတ်အပ်နှင်းခြင်း မပြုရသေးသူများအတွက် အလုပ်သင်ပြီးဆုံးကြောင်း ထောက်ခံစာမိတ္တူ၊

(ဃ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး/ ရဲစခန်းတို့၏ ထောက်ခံချက်မူရင်း၊

(စ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဖုန်းနံပါတ်၊

၃။ လျှောက်ထားသူသည် တာဝန်ချထားရာဌာနအသီးသီး၌ အနည်းဆုံး(၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်းခံရမည်။

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့လိပ်မူ၍ (၉-၈-၂၀၂၄)ရက်နေ့ (၁၆း၀၀)နာရီ နောက်ဆုံးထားပေးပို့ရပါမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထား၍ မိတ္တူတစ်စောင်ကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ သတ်မှတ်ရက်အရောက် ပေးပို့လျှောက်ထားရမည်။(သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။)

၅။ သတ်မှတ်ချက်နှင့်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများဆောင်ရွက်မည်။ ဖြေဆိုခွင့်ရရှိသူများအား အမည်စာရင်းကို တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတို့တွင် (၂၆-၈-၂၀၂၄)ရက်နေ့တွင် ကြေညာသွားမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန (website : [www.dtm.gov.mm](http://www.dtm.gov.mm) )တွင်လည်း ကြည့်ရှုနိုင်ပါသည်။

၆။ ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရမည့် နေ့ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဖုန်းနံပါတ်၊ ၀၆၇-၃၄၃၁၀၉၃/ ၀၆၇-၃၄၃၁၀၉၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သတ်မှတ်ချက်များနှင့် ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။)

တိုင်းရင်းဆေးပညာဦးစီးဌာန

DTM